https://www.thitsarparamisociety.com/



# ၁ ။ မေတ္တာသုတ်မြန်မာပြန်

(ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့အတွက်)

ယဿာနုဘာဝတော ယက္ခာ ၊ နေဝ ဒဿေန္တိ ဘီသနံ။ ။ မေတ္တာသုတ် အစွမ်းတန်းခိုးကြောင့် တစ္ဆေ သရဲ ဘီလူးများ ကြောက်အောင် လန့်အောင် မခြောက်လှန့်နိုင်။

ယမှိစေဝါ နုယုဉ္ဇန္တော ရတ္တိန္ဒိဝမတန္ဒိတော။ ။ ယင်းမေတ္တာဘာဝနာ ပွားများခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ် အားထုတ်မည်ဆိုလျှင်...

<u>မေတ္တာပွားများခြင်းအကျိုး</u>

သုခံ သုပတိ။ ။ ချမ်းချမ်းသာသာ အိပ်ရ၏ (နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ရ၏)။

ပါပံ ကိဉ္စိ န ပဿတိ။ ။ အိပ်ပျော်နေသည့်အချိန်မှာ အိပ်မက်ဆိုးများ မမြင်မက်နိုင်။

ကရဏီယ မတ္ထကုသလေန။ ။ နိဗ္ဗာန်သို့ ရောက်နိုင်သည် အထိ ကိုယ့်ကျိုးစီးပွားအတွက် အရည်အသွေးနှင့် ပြည့်စုံလိုသူမှာ...

https://www.thitsarparamisociety.com/



( ၁ ) သတ္တော စ။ ။ ကုသိုလ်ကောင်းမှုကို ပြုလုပ်ရန် စွမ်းနိုင်သူဖြစ်ရမည်။

( ၂ ) ဥဇု စ။ ။ ကိုယ်ရောနှုတ်ပါ ရိုးသားဖြောင့်မတ် မှန်ကန်သူဖြစ်ရမည် ။

( ၃ ) သုဟုဇု စ။ ။ စိတ်ဓါတ်ပါ ရိုးသားဖြောင့်မှန်သူ ဖြစ်ရမည်။

( ၄ ) သုဝစော စဿ။ ။ အကြံပေးပြောဆိုမှုကို နာခံလွယ်သူဖြစ်ရမည်။

( ၅ ) မုဒု။ ။ ယဉ်ကျေးသိမ်မွေ့ရမည်။

( ၆ ) အနတိမာနီ။ ။ မမောက်မာရ (မာနမကြီးလွန်းရ)။

( ၇ ) သန္တုဿကော။ ။ ရှိတာနှင့် ကျေနပ်ရမည်။ ( ဇီဇာမကြောင်ရ)

( ၈ ) သုဘရောစ။ ။ မွေးမြူလွယ်ရမည်။ (သူများ ကူညီစောင့်ရှောက်မှုကို ကျေနပ်နစ်သက်နိုင်ရမည်။)

https://www.thitsarparamisociety.com/



( ၉ ) အပ္ပကိစ္စောစ။ ။ ကိစ္စနည်းပါးရမည်။ (မိမိအလုပ်နားသည့်အချိန်မှာ မေတ္တာပွားရန်အချိန်ကို ယူတတ်ရမည်)။

( ၁၀ ) သလ္လဟုကဝုတ္တိ။ ။ ပေါ့ပေါ့ပါးပါး အသက်မွေးတတ်ရမည်။ (ဟိတ်ကြီးဟန်ကြီး ဇာချဲ့ပြီးမနေရ)။

( ၁၁ ) သန္တိန္ဒြိယ။ ။ဣန္ဒြေ သိက္ခာရှိရမည် ။ (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို အကြောင်းပြု၍ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာမဖြစ်အောင် ကြိုးစားရမည်ဟုဆိုလိုသည်)။

( ၁၂) နိပကောစ။ ။ ရင့်ကျက်သော အသိပညာနှင့်ပြည့်စုံအောင်ကြိုးစားရမည်။

( ၁၃ ) အပ္ပဂဗ္ဘော။ ။ ကြမ်းတမ်း ခက်ထန်သူ မဖြစ်ရ။

(၁၄ ) ကုလေသွ နနုဂိဒ္ဓေါ။ ။ ဆွေးမျိုး မိတ်ဆွေတို့အပေါ် တဏှာဖြင့်တွယ်တာမှု ကြီးသူမဖြစ်စေရ။

(၁၅ ) နစ ခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေဥပဝဒေယျုံ။ ။ သူများ အပြစ်တင်မေးငေါ့ခံရမည့် အပြစ်ပြောစရာ အပြုအမူများကို အသေးအဖွဲကစ၍မပြုလုပ်ရ။

https://www.thitsarparamisociety.com/



# မေတ္တာပွားပုံ

သဗ္ဗသတ္တာ။ ။ သတ္တဝါအားလုံး။

သုခိနော၀။ ။ ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုနှင့် ပြည့်စုံကြပါစေ။

ခေမိနော။ ။ ဘေးရန်ကင်းကြပါစေ။

သုခိ တတ္တာ ဘဝန္တု။ ။ စိတ်ချမ်းသာမှုနှင့်ပြည့်စုံကြပါစေ။

ယေကေစိ ပါဏဘူတတ္ထိ။ ။ လောကကြီးမှာ ရှိကြတဲ့ သက်ရှိသတ္တဝါအားလုံး။

တသာဝါ။ ။ဒေါသမကင်းသေးသည့် ကြောက်တတ် လန့်တတ်သည့် သတ္တဝါများ ချမ်းသာကြပါစေ။ ဘေးရန် ကင်းကြပါစေ။

ထာဝရာဝ နဝသေသာ။ ။ ကြောက်ရွံ့မှု မရှိကြသည့် အနာဂါမ် ရဟန္တာကြီးများ ချမ်းသာကြပါစေ၊ ဘေးရန် ကင်းကြပါစေ။

ဒီဃာ ဝါ။ ။ ရှည်လျားသော သတ္တဝါများ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ။

https://www.thitsarparamisociety.com/



မဟန္တာ ဝါ။ ။ ကြီးမားသော ကိုယ်ခန္ဓာရှိသောသတ္တဝါများ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ။

မဇ္ဈိမာ ဝါ။ ။ အလယ်အလတ်စား သတ္တဝါများ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ။

ရဿကာ ဝါ။ ။ တိုသော ကိုယ်ခန္ဓာရှိသော သတ္တဝါများ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ။

အဏုက။ ။ မှုန်မှုန်မွှားမွှား သတ္တဝါသေးများ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ။

ထူလာ ဝါ။ ။ ဆူဖြိုးသော ကိုယ်ခန္ဓာရှိသော သတ္တဝါများ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ။

ဒိဋ္ဌာဝါ ယေဝ အဒိဋ္ဌာ။ ။ မိမိမျက်စိဖြင့် မြင်ရသည့်သတ္တဝါ၊ မမြင်ရသည့် သတ္တဝါများ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ။

ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ။ ။ အဝေးမှာရှိသည့် သတ္တဝါ အနီးမှာ ရှိသည့်သတ္တဝါများ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ။

https://www.thitsarparamisociety.com/



ဘူတာဝ သမ္ဘဝေသီဝ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ ။ ခန္ဓာကိုယ်ခြေလက်အင်္ဂါ ပြည့်စုံပြီးသတ္တဝါ၊ မပြည့်စုံသေးသည့်သတ္တဝါများအားလုံး ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ။

န ပရော ပရံ နိကုဗ္ဗေထ။ ။ တစ်ယောက်နှင့် တစ်ယောက် အပြိုးအတေးထားခြင်းကင်းဝေးပါစေ။

နာတိမညေထ ကတ္ထစိ နကိဉ္စိ။ ။ မည်သူ တစ်ဦး တစ်ယောက်ကို ဘာအတွက်နှင့်မျှ အထင်အမြင် မသေးကြပါစေနှင့်။

ဗျာရောသနာ။ ။ တစ်ဦးနှင့်တစ်ဦး မစော်ကား မိကြပါစေနှင့်။

ပဋိဃသညာ။ ။ မမုန်းတီးမိကြပါစေနှင့်။

နာညမညဿ ဒုက္ခ မိစ္ဆေယျ။ ။တစ်ဦးနှင့် တစ်ဦး ဒုက္ခဖြစ်မှုကို မလိုလားကြပါစေနှင့်။

မာတာ ယထာ နိယံ ပုတ္တံ၊ မာယုသာ ဧက ပုတ္တ မနုရက္ခေ။ ။ သားသမီး တစ်ယောက်သာရှိသည့် မိခင်သည် ထိုသားသမီးကို အသက်ပေးစောင့်ရှောက်သကဲ့သို့။

https://www.thitsarparamisociety.com/



ဝေမ္ပိ သဗ္ဗ ဘူတေသု။ ။ ထိုကဲ့သို့ သတ္တဝါအားလုံး အပေါ်မှာ။

မာနသံ ဘာဝယေ အပရိမာဏံ။ ။ အတိုင်းအတာ အကန့်အသတ်မရှိသည့် မေတ္တာမျိုးကို ဖြစ်အောင် ပွားများရာ၏။

မေတ္တဉ္စ သဗ္ဗလောကသ္မိံ မာနသံ ဘာဝယေ အပရိမာဏံ။ ။ တစ်လောကလုံး အပေါ်မှာ ထိုမိခင် စိတ်ဓါတ် မေတ္တာမျိုး ထားနိုင်ရန်ကြိုးစားရာ၏။

ဥဒ္ဓံ ။ ။ အထက်အရပ်မျက်နှာ။

အဓော စ။ ။ အောက်အရပ်မျက်နှာ ။

တိရိယဉ္စ။ ။ အလယ် အရပ်မျက်နှာမှာ ရှိနေကြသော သတ္တဝါအားလုံး ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ။

အသမ္ဗာဓံ။ ။ ကျဉ်းမြောင်း ခွဲခြားသည့် စိတ်ဓါတ်မျိုး မထားရ (အားလုံးအပေါ်တစ်ပြေးညီတည်း မေတ္တာ ပွားနိုင်ရမည်။

အဝေရ။ ။ မေတ္တာပွားများသူမှာ ရန်မရှိ၊ ဘေးမရှိ။

https://www.thitsarparamisociety.com/



တိဋ္ဌံ။ ။ မတ်တတ်ရပ်ရင်း ပွားများနိုင်သည်။

စရံ။ ။ လမ်းလျှောက်ယင်း ပွားများနိုင်သည်။

နိသိန္နော ဝါ။ ။ ထိုင်ရင်းပွားများနိုင်သည်။

သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ။ ။ညောင်းသဖြင့် လှဲအိပ်ယင်း ပွားများနိုင်၏၊ မအိပ်ချင်သရွေ့ မေတ္တာပွားများနိုင်သည်။

ဧတံ သတိံ အဓိဋ္ဌေယျ။ ။ ထိုမေတ္တာသတိကို ပွားကာ ဆောက်တည်နေပါ။

ဗြဟ္မ မေတံ ဝိဟာရ မိဓမာဟု။ ။ထိုကဲ့သို့ နေမေတ္တာပွားပြီး နေခြင်းမျိုးကို ဒီသာသနာတော်မှာ အမြတ်ဆုံးနေခြင်းဟု ရှင်တော်ဘုရား ဟောကြားတော်မူသည်။

ဒိဋ္ဌိဥ္စ အနုပဂ္ဂမ္မ။ ။ ဒိဋ္ဌိအယူ အမှားကို ခွာပေးရမည်။

သီလဝါ။ ။ သီလဖြူစင်အောင် စောင့်ရှောင့်ရမည်။

ဒဿနေန သမ္ပန္နော။ ။ အရိယာဖြစ်အောင် ဝိပဿနာ ကျင့်စဉ်ကို လေ့လာအားထုတ်ရမည်။

https://www.thitsarparamisociety.com/



ကာမေသု ဝိနေယျ ဂေဓံ။ ။ ကာမဂုဏ် မက်မောတဲ့ တဏှာကို ကင်းသွားအောင်ကျင့်ရမည်။

န ဟိ ဇာတု ဂဗ္ဘသေယျ ပုနရေတိ။ ။ ထိုသို့ ကျင့်ခြင်းကိစ္စပြီးဆုံးသူသည် နောက်ထပ်တစ်ဖန် မိခင်ဝမ်းထဲသို့ ရောက်ရန်မရှိတော့ပေ။

## မေတ္တာအကျိုး ( ၁၁ ) လင်္ကာ

ချမ်းသာအိပ်စက် ၊ ချမ်းသာနိုးလျက်
အိပ်မက်ဆိုးကင်း ၊ စောင့်ခြင်းနတ်များ
လူသားလည်းချစ် ၊ နတ်လည်းချစ်လျက်
လက်နက် ၊ ဆိပ်၊ မီး ၊ ငြိမ်းသည့်တစ်ဖြာ
မျက်နှာရွှင်ကြည် ၊ တည်ကြည်နှလုံး
သေဆုံးမတွေ ၊ သေလျှင်နတ်ရွာ
ရောက်တတ်စွာသည် ၊ မေတ္တာအကျိုး ဆယ့်တစ်မျိုး။

https://www.thitsarparamisociety.com/



မေတ္တာဖြင့်

သစ္စာပါရမီဆရာတော်

စက်ဘပူနိုင်ငံ